# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဖရူဆိုမြို့

# လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan (VDP)

တော်ခူကျေးရွာအုပ်စု ၊ ပရယ်စော်ခူကျေးရွာ


၂၀၁၈ ခုနှစ် ဖရူဆိုမြို့နယ်

National Community Driven Development Project (Hpruso Township,Project Cycle.1/year 3


# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | မြို့နယ်မြေပုံ | ၁ | ၁ |
| ၂။ | ကျေးရွာအုပ်စုမြေပုံ | ၂ | ၂ |
| ၃။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း | ၃ | ၃ |
| ၄။ | ကျေးရွာအခြေခံအချက်အလက်များ | ၄ | ၄ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၅ | ၅ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ | ၆ | ၂၁ |
| ၇။ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်း ဓာတ်ပုံများ | ၂၂ | ၂၄ |
| ၈။ | ကျေးရွာကော်မတီဝင်များစာရင်း | ၂၅ | ၂၅ |
| ၉။ | ကျေးရွာအချက်အလက် (ပုံစံ-၁) | ၂၆ | ၂၈ |
| ၁၀။ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | ၂၉ | ၂၉ |
| ၁၁။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃) | ၃၀ | ၃၁ |
| ၁၂။ | ကျေးရွာအစည်းအဝေးမှတ်တမ်းများ | ၃၂ | ၃၂ |
| ၁၃။ | ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၃ | ၃၄ |

## (၁) ဖရူဆိုမြို့နယ် အခြေပြမြေပုံစာရင်း



(၂) **တော်ရူကျေးရွာအုပ်စုအခြေပြမြေပုံ**



## ၃။ တော်ခူအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

(၁) တော်ခူရွာသစ်

(၂) ကလော်ဒူ

(၃) ကလိလျား

(၄) ကရော့

(၅) တော်ခူရွာဟောင်း

(၆) ပလဲ့လယ်

(၇) နန်းခွီးခို

(၈) ပလိုဒေးခို

(၉) ပရယ်စော်ခူ

(၁၀) သော်ခူ

(၁၁) ခေါပရာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

ပရယ်စော်ခူကျေးရွာသည် တော်ခူအုပ်စုတွင်ပါဝင်သော ကျေးရွာတစ်ရွာဖြစ်သည်။ အဆိုပါ ကျေးရွာသည် တော်ခူအုပ်စု၏အရှေ့ဘက်စွန်းတွင်တည်ရှိပြီး မာခရော်ရှေးကျေးရွာအုပ်စု၊ ပရယ်တော်ကျေးရွာ နှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ကျေးရွာဖြစ်သည်။ ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ရွှေပြောင်းတောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းဖြစ်ပြီး မျိုးရိုးစဉ်ဆက် ယခုတိုင်အောင် လုပ်ကိုင်ကြပါသည်။ အခြား သောလုပ်ငန်းများမှာ သစ်စေးများရှာဖွေခြင်း၊ ပလိုင်းနှင့် အခြားသောလက်မှုလုပ်ငန်းများကိုလည်း လုပ်ကိုင် ကြပါသည်။ ပရယ်စော်ခူကျေးရွာတွင် အဓိက အားဖြင့် ကော်ယော်(မိုနူ)လူမျိုး တစ်မျိုးတည်းသာ နေထိုင်ကြပြီး နှစ်ခြင်းခရစ်ယာန်ဘာသာကို ကိုး ကွယ်ယုံကြည်ကြပါသည်။ လမ်းပန်းဆက်သွယ်ရေးအခြေအနေမှာ ပရယ်စော်ခူကျေးရွာသည် ဆိုင် ကယ်ဖြင့်သာသွားလာနိုင်သော မြေသားလမ်းဖြစ်ပြီး ခြောက်သွေ့ရာသီတွင်ကောင်းစွာသွားလာနိုင် သော်လည်း မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ ပညာရေးအနေဖြင့် ရွာတွင်းတွင် အစိုးရမူလ တန်း(ခွဲ)ကျောင်းရှိပါသည်။ ကျန်းမာရေးအခြေအနေမှာ ရွာတွင် အရံသားဖွားဆရာမရှိပြီး အစိုးရ ကျန်းမာရေးအပြင် အခြားသော ကျန်းမာရေးအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက် ရှိပါသည်။ ပရယ်စော်ခူကျေးရွာသည် ယခင်က ရွာကြီးတစ်ရွာဖြစ်ခဲ့သော်လည်း နိုင်ငံရေးမတည် ငြိမ်ခြင်း၊ လုပ်ကိုင်စား သောက်ရန်အတွက် အခက်အခဲရှိခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသော အဘက်ဘက်တွင် အဆင်မပြေ မှုများကြောင့် အခြားနေရာများသို့ ပြောင်းရွှေ့နေထိုင်ကာ ယခုအခါအ ဆိုပါကျေးရွာသည် အိမ်ခြေ(၁၆)အိမ်သာ ကျန်ရှိတော့သည်။


မှတ်တမ်းတင်သူ
ကူးရယ်
လူထုစည်းရုံးရေးမှူး

**၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်လုပ်ငန်းစဉ် ( PSA/PRA ) အကျဉ်းချုပ်ဇယား**

| စဉ် | အသုံးပြုခဲ့သော PRA tools များ |
|---|---|
| ၁ | လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ |
| ၂ | ဉစ္စာနေကြွယ်ဝမှု အဆင့် သတ်မှတ်ချက် (Wealth Ranking) |
| ၃ | အရင်းအမြစ်ထိန်းချုပ်မှုပြဇယား |
| ၄ | ရာသီခွင်ပြ ပြက္ခဒိန် (Sensonal Clender ) |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း ( Cob Web ) |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား |

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

## လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ



**ရည်ရွယ်ချက်။** ။ ပရယ်စော်ခူကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ကျေးရွာတည်နေရာအနေအထားနှင့်ဘာသာရေး၊ ကိုးကွယ်မှုပုံစံ၊ အခြေခံအဆောက်အဦးများ၏ အခြေအနေ နှင့် ရေရရှိမှုစသည့်အခြေအနေများကို သိရှိနိုင်စေရန်ဖြစ်ပါသည်။


## လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်

ခေါပရာကျေးရွာသည် ဖရူဆိုမြို့၏ တောင်ဘက်တွင်တည်ရှိပါသည်။ ကျေးရွာတွင် လူဦးရေစုစုပေါင်း**(၇၁)**ဦး ရှိပြီး ကျား(**၃၆**)ဦး၊ **(၃၄)**ဦး နေထိုင်ကြပါသည်။ ရွာသူ/သားများသည် ကော်ယော် (မိုနူ၊မနော) လူမျိုး များဖြစ်ကြပြီး ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြပါသည်။ ကျေးရွာတွင် ရွာတွင်းလမ်းများအားလုံးသည် မြေသားလမ်းများဖြစ်သည်။ တခြားရွာများ နှင့် ဆက်စပ်နေသောရွာချင်းဆက်လမ်းများသည်လည်း မြေသားလမ်းများနှင့် လူသွားလမ်းများသာဖြစ်သည်။ နွေရာသီနှင့် ဆောင်းရာသီများတွင် ဆိုင်ကယ်ဖြင့် သွားလာနိုင်သော်လည်း မိုးရာသီတွင် မိုးရွာသွန်းမှုများပါက ခြေလျှင်အသုံးပြုရသည်။ ပရယ်စော်ခူကျေးရွာတွင် ဘုရားကျောင်း ( ၁ )ကျောင်း ၊ မူလတန်းကျောင်း(ခွဲ) ( ၁ )ကျောင်း၊ မြေသားလမ်းများ၊ သစ်တော၊ ကွမ်းခြံ၊ ဘောလုံးကွင်း၊ ဝါးရုံနှင့် စမ်းချောင်းတို့ရှိကြပါသည်။အိမ်ထောင်စုပေါင်း (၁၅)စု နေထိုင်ကြသည်။ ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကြောင်းမှာ တောင်ယာစိုက်ပျိုးလုပ်ကိုင် ခြင်းဖြစ်ပါသည်။

ပရယ်စော်ခူကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ခြင်းဖြင့်ကျေးရွာ၏ တည်နေရာ အနေအထားသည် သွားလာရေးခက်ခဲသော ကျေးရွာဖြစ်ပါသည်။ အသက်မွေးဝမ်းကြောင်းအတွက် အသုံးပြုနေသော အရင်းအမြစ်များမှာ ရေ ၊ တောင်ယာ နှင့် သစ်တောတို့ပင်ဖြစ်သည်။ အိမ်ခြေနည်းသော ကျေးရွာဖြစ်သဖြင့် သီးခြားနေထိုင်သော အုပ်စုဟူ၍ မရှိပေ။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင်းကျေးရွာတွင်းမှ အခြားရေး ကြည်ရာ ၊ မြက်နုရာသို့ ရွှေ့ပြောင်းနေထိုင်သူများလည်း ရှိပါသည်။ ပရယ်စော်ခူကျေးရွာအနေဖြင့် အခြေခံ ဝန်ဆောင်မှုများ မှာ စာသင်ကျောင်းမရှိခြင်း ၊ မူကြိုကျောင်းမရှိခြင်း ၊ စုရပ်ဆောင်နှင့် ရွာတွင်းရေစုကန် မရှိ၍ နွေရာသီတွင် ရေရှားပါးခြင်း နှင့် ကြုံရခြင်း ၊ မြေသားလမ်းသာ ရှိသဖြင့် မိုးရာသီတွင် သွားလာရခက်ခဲခြင်း စသောစိန်ခေါ်မှုများနှင့် ကြုံနေရသောကျေးရွာဖြစ်ပါသည်။ထို့ကြောင့်ပရယ်စော်ခူကျေးရွာအနေဖြင့်တိုးတက်ရန် လိုအပ်သော အချက်မှာ လမ်းတိုးချဲ့ခြင်း ၊ လျှပ်စစ်မီးပေးခြင်း ၊ စာသင်ကျောင်းနှင့် ရေစုကန်များ ၊ ဖွံ့ဖြိုးရေး အသိပညာ သင်တန်းများပံ့ပိုးပေးရန် လိုအပ်သော ကျေးရွာဖြစ်ပါသည် ဟု လေ့လာသုံးသပ်ရပါသည်။

မှတ်တမ်းတင်သူ<br>ကူးရယ်<br>လူထုစည်းရုံးရေးမှူး

# အရင်းအမြစ် အသုံးချမှုပြဇယား



ပရိယတ်တော်ရွာ ကျေးရွာအရင်းအမြစ် အသုံးချမှု

ဒေသနေ့ နေ့သူဦးရေ - ၁၂ ဦး

ကျ - ၆ ဦး ၊ မ - ၆ ဦး

| စဉ် | အသုံးပြုသည့် အရင်းအမြစ် | အသုံးပြုသူ | ဆုံးဖြတ်ချက်ချသူ |
|---|---|---|---|
| ၁. | တောင်ယာ | ကျား + မ | ကျား |
| ၂. | ရေ | ကျား + မ | ကျား + မ |
| ၃. | ကွမ်းခြံ | ကျား + မ | ကျား + မ |
| ၄. | အိမ်တွင်းမွေးမြူရေး | ကျား + မ | ကျား + မ |
| ၅. | ဝါး၊ ဂုံ | ကျား + မ | ကျား + မ |
| ၆. | ဟင်းလာခြံ | ကျား + မ | ကျား + မ |

ရက်စွဲ - ၂၄.၁၀.၂၀၁၇

**ရည်ရွယ်ချက်**။ ။ ပရယ်စော်ခူကျေးရွာ၏ အရင်းအမြစ်အသုံးချမှုပြမြေပုံကိုရေးဆွဲရခြင်းသည် ထိုအရင်းအမြစ် များကို မည်သူကအသုံးချပြီးထိုအရင်းအမြစ်ကို အသုံးပြုရန်မည်သူက ဆုံးဖြတ်ချက်ချ သည်ကို သိရှိရန်ရည်ရွယ်ခြင်း ဖြစ်ပါသည်။

## ကျေးရွာအရင်းအမြစ်အသုံးချမှုမြေပုံ နှင့် သုံးသပ်ချက်


ပရယ်စော်ခူကျေးရွာတွင် တည်ရှိနေသော အရင်းအမြစ်များကို သုံးသပ်ဆွေးနွေးမှုများပြုလုပ်ရာတွင် ကျေးရွာတွင် ရှိနေသော အရင်းအမြစ်များမှာ တောင်ယာ ၊ ရေ ၊ ကွမ်းခြံ ၊မွေးမြူရေး လုပ်ငန်းများ၊ဝါးရုံ၊ဖာလာပင် တို့ဖြစ်ကြပါသည်။ ထိုအရင်းအမြစ်များကို မည်သို့အသုံးပြုမည်၊ မည်သည့် အချိန်တွင် အသုံးချမည်ဆိုသည့် ဆုံးဖြတ်ချက်ကို အမျိုးသား / အမျိုးသမီးတန်းတူပင် ဆုံးဖြတ်ကြပါသည်။

ပရယ်စော်ခူကျေးရွာ၏ အရင်းအမြစ်ထိန်းချုပ်မှုဇယားကို သုံးသပ်ခြင်းဖြင့် အမျိုးသမီးနှင့် အမျိုးသားများ အဓိကအသုံးပြုနေသော အရင်းအမြစ်များမှာ ရေ ၊ မြေ ၊ သစ်တောနှင့် သစ်တောမှထွက်သော ပစ္စည်းများပင်ဖြစ်သည်။ ရှေးရိုးအစဉ်အလာအရကပင် အမျိုးသားနှင့် အမျိုးသမီးသည်အရင်းအမြစ်များကို တန်းတူအသုံးပြုလေ့ရှိကြပါသည်။ သို့ရာတွင် အရင်းအမြစ်များ အသုံးပြုရန်ဆုံးဖြတ်ချက်ချရန်တွင် အမျိုးသားများ ပိုမိုဆုံးဖြတ်ချက်ချလေ့ရှိပါသည်။ ထို့ကြောင့်အမျိုးသမီးများအားပါဝင်ခွင့်ပေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ရန်တွင် အမျိုးသားများနှင့်တန်းတူဆွေးနွေးစေခြင်းဖြင့် တန်းတူညီမျှစွာ ပိုင်ဆိုင်နိုင်မည်ဟု လေ့လာသုံးသပ်ရပါသည်။

မှတ်တမ်းတင်သူ
ကူးရယ်
လူထုစည်းရုံးရေးမှူး

National Community Driven Development Project (Hpruso Township,Project Cycle.1/year 3

# ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း



**ရည်ရွယ်ချက်**။ ။ ပရယ်စော်ခူကျေးရွာတွင်ရှိသော ထိခိုက်လွယ်သောအုပ်စုများနှင့် ထိခိုက်လွယ်ရသော အကြောင်းရင်းများကို သိရှိစေရန် ရည်ရွယ်ပါသည်။


**ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်းနှင့်သုံးသပ်ချက်**

ပရယ်စော်ခူကျေးရွာသည် ဥစ္စာဓနအဆင့်ကို အဆင့်(၃)ဆင့် ခွဲခြားနိုင်ပါသည်။ ၄င်းတို့မှာ ချမ်းသာသောအုပ်စု၊ အဆင်ပြေသောအုပ်စု နှင့် မပြေလည်သောအုပ်စုဟူ၍ ( ၃ )မျိုး ခွဲခြားနိုင်ပါသည်။ ချမ်းသာသောအုပ်စု(၃)အိမ်ထောင်စုရှိပြီး ထိုသူတို့၏ပိုင်ဆိုင်မှုအနေဖြင့် ပျဉ်ထောင်အိမ်၊ ကျွဲ(၇)ကောင်၊ နွား(၇)ကောင်နှင့် ဆိုင်ကယ် တို့ဖြစ်ကြသည်။ အဆင်ပြေသောအုပ်စုတွင် အိမ်ထောင်စု ( ၅ )စုရှိပြီး ဝါးထံရံ/ပျဉ်ထောင်အိမ်၊ ဆိုင်ကယ်၊ နွား(၃)ကောင်နှင့် ကျွဲ(၂)ကောင်တို့ ပိုင်ဆိုင်ပါသည်။ အဆင်မပြေသောအိမ်ထောင်စုတွင်(၈)စုရှိပြီးထိုသူတို့သည်ဝါးထံရံ/ပျဉ်ထောင်အိမ်၊နွား(၂)ကောင်တို့ပိုင်ဆိုင်ပါသည်။ ထိုအုပ်စုတွင် ပါဝင်သူများသည် ကြုံရာအလုပ် လုပ်ကိုင်ကြသူများဖြစ်ပါသည်။ ပရယ်စော်ခူကျေးရွာတွင် မြေပုံ၏လိုအပ်ချက်အရအုပ်စု ( ၃ ) စု ခွဲခြားနိုင်သော်လည်း ကျေးရွာ၏ တည်နေရာအနေအထား (အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲ)ကြောင့် စီးပွားရေး အခြေအနေကွာဟမှုများ ပြားမှုမရှိကြောင်း ကို သိရှိသုံးသပ်နိုင်ပါသည်။

ပရယ်စော်ခူကျေးရွာ၏ ဥစ္စာဓနအကြွယ်ဝမှုအဆင့်ကို သုံးသပ်ခြင်းဖြင့် ကျေးရွာတွင် အသက်မွေးဝမ်းကြောင်းလုပ်ငန်း အဆင်မပြေရခြင်းအကြောင်းများမှာ လမ်းခရီးခက်ခဲခြင်း၊မြေနေရာနှင့်မြေဆီမြေနှစ်များ ကုန်ခမ်းခြင်း ၊ ရာသီဥတုမမှန်ခြင်း ၊ သီးနှံအထွက်နည်းခြင်းကြောင့်း များဖြစ်ပါသည်။ ထို့ကြောင့်ဝင်ငွေရသော လုပ်ငန်းစီမံကိန်းများ အစီအစဉ်ရေးဆွဲရာတွင် ဆင်းရဲသောမိသားစုများ နှင့် နွမ်းပါးအုပ်စုများ၏ အချိန်ပေးနိုင်သော အချိန်တွင် ရေးဆွဲပေးခြင်း၊ စီမံကိန်းလုပ်ငန်းတွင် လူမျိုးဘာသာမခွဲခြားပဲ အားလုံးတန်းတူပါဝင် လုပ်ပိုင်ခွင့် ပေးခြင်းဖြင့် အကျိုးတူခံစားရရှိပြီး ကျေးရွာတစ်ခုလုံး တိုးတက်လာမည်ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပါက သွားလာရေးအဆင်ပြေပြီး ငွေကုန်ကြေးကျသက်သာခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုများလက်လှမ်း မှီလာနိုင်မည်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

မှတ်တမ်းတင်သူ
ကူးရယ်
လူထုစည်းရုံးရေးမှူး

# ရာသီခွင်ပြ ပြက္ခဒိန်



**ရည်ရွယ်ချက်။** ။ ပရယ်စော်ခူကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်ရေးဆွဲရခြင်းရည်ရွယ်ချက်မှာ ကျေးရွာ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိမှု အခြေအနေများနှင့် ကျေးရွာသူ/သားများ၏ လအလိုက်ဝင်ငွေ/ထွက်ငွေများအပြင် ရိုးရာပွဲတော်များ လစဉ်တည်ရှိနေပုံ ကို သိရှိစေရန် ရည်ရွယ်ရေးဆွဲခြင်းဖြစ်ပါသည်။

## ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်

ပရယ်စော်ခူကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန်သုံးသပ်ခြင်းဖြင့် စိုက်ပျိုးရေးပိုင်းတွင် တစ်ရွာလုံး ရွှေးပြောင်းတောင်ယာစနစ်ကို လုပ်ဆောင်ကြသည်။ တနှစ်ပတ်လုံး ရေလုံလောက်မှုရှိသော်လည်း ရေစုကန် မရှိခြင်းကြောင်း နေရာသီတွင် ရေရှားပါးမှုနှင့် ကြုံတွေ့နေရပါသည်။ သွားလာရေးတွင်မူ နွေရာသီ၌သာ ဆိုင်ကယ်ဖြစ် အသုံးပြုနိုင်သည်။ နွမ်းပါးသောအုပ်စုများ အနေဖြင့်သစ်တောထွက် ပစ္စည်းဖြစ်သော သစ်ဥသစ်ဖု များ၊ သစ်ခွများရှာဖွေရောင်းချခြင်းဖြင့် စားဝတ်နေရေးကို ဖြေ ရှင်း နေကြရပါသည်။ ရပ်ဝေးတွင်လည်းသွားရောက် အလုပ်လုပ်ခြင်းဖြင့် မိသားစုစားဝတ်နေရေးကိုဖြေရှင်း နေရသောလူလည်းရှိနေပါသည်။ အသက်မွေးဝမ်းကြောင်းအတွက် အဓိကရင်ဆိုင်နေရသော စိန်ခေါ်မှု များမှာရာသီဥတုမမှန်ခြင်းကြောင့် သီးနှံအထွက်နည်းခြင်းဖြစ်ပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးနည်း ပညာနှင့် အသိပညာဗဟုသုတများ ပံ့ပိုးပေးရန် လိုအပ်နေသော ကျေးရွာဖြစ်ပါသည်ဟု သုံးသပ်ရ ပါသည်။

## ရာသီဥတု

ပရယ်စော်ခူကျေးရွာတွင် နွေ၊ မိုး၊ ဆောင်း ဟူပြီး ရာသီဥတု( ၃ )မျိုးရှိပါသည်။ ဖေဖော်ဝါရီလ မှ မေလ အထိ သည် နွေရာသီဖြစ်ပြီး၊ မေလ မှ စက်တင်ဘာလ အထိသည် မိုးရာသီဖြစဘာလမှစပြီး ဇန္နဝါရီလ ကုန်အထိသည် ဆောင်းရာသီဖြစ်သည်။

## စိုက်ပျိုးရေး

ပရယ်စော်ခူကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ ရွှေးပြောင်းတောင်ယာစိုက် ပျိုးခြင်းဖြစ်ပြီးအဓိကစိုက်ပျိုးသီးနှံများမှာစပါးစိုက်ပျိုးကြပါသည်။ ဇန္နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင်

တောင်ယာများ စတင်ခုတ်ပြီးမတ်လတွင်တောင်ယာမီး ရှို့ကြပါသည်။ ဧပြီလတွင် တောင်ယာများ ရှင်းလင်းခြင်း မေလတွင်မျိုးစေ့ကြဲပါသည်။ ဇွန်လတွင် ပထမအကြိမ် ပေါင်းရှင်းခြင်းပြုလုပ်ပါသည်။ ဇွန်လိုင်လတွင်စပါးပင်များစိုက်ပျိုးခြင်းနှင့်ပေါင်းရှင်းခြင်းပြုလုပ်ပါသည်။ ဩဂုတ်နှင့် စက်တင်ဘာလ တွင် ဒုတိယအကြိမ်ပေါင်းရှင်းခြင်းပြုလုပ်ပါသည်။ အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် စပါးများ ရိတ်သိမ်းကြပါသည်။ ဒီဇင်ဘာလတွင် စပါးများသိုလှောင်ရောင်း ချခြင်းပြုလုပ်ပါသည်။

**ဝင်ငွေရရှိမှု**

ပရယ်စော်ခူကျေးရွာ၏ဝင်ငွေရရှိမှုတွင်သီးနှံ စတင်ပေါ်ချိန်ဖြစ်သော နိုဝင်ဘာလမှ စတင်ပြီး ဝင်ငွေအနည်းငယ်ရရှိ၍ ဒီဇင်ဘာလသည် ဝင်ငွေအများဆုံးရရှိသော လဖြစ်ပါသည်။ ဖေဖော်ဝါရီနှင့် မတ်လတွင်လည်း ဝင်ငွေအနည်းငယ် ရှိကြပါသည်။

**ရေရရှိမှု**

ရေရရှိမှုတွင် နွေရာသီဖြစ်သော မတ်လနှင့် ဧပြီလတွင် ရေရရှိမှုနည်းပါးပြီး ကျန်သောလများ တွင် ရေပုံမှန်ရရှိပါသည်။

**လမ်းပန်းဆက်သွယ်ရေး**

ပရယ်စော်ခူကျေးရွာတွင် တစ်နှစ်ပတ်လုံးသည် ခြေလျှင်ခရီးကိုသာ အသုံးပြုသွားလာရပါ သည်။ ရွာတွင် ရှိနေသောလမ်းများသည်လူသွားလမ်း မြေသားလမ်းများဖြစ်ကြပါသည်။ ထို့ကြောင့် ပရယ်စော်ခူကျေးရွာ အနေဖြင့် လမ်းပန်းဆက်သွယ်ရေးသည် အလွန်ခက်ခဲနေပါသည်။

**ကျန်းမာရေး**

ကျန်းမာရေးကဏ္ဍတွင် ဇန္နဝါရီလနှင့် ဒီဇင်ဘာလတို့တွင် နှာစေး ၊ ချောင်းဆုံးရောဂါများ အဖြစ်များပြီး ဇွန်လတွင် တုတ်ကွေးစသည့်ရောဂါများ ဖြစ်ပေါ်ပါသည်။ နိုဝင်ဘာလတွင် ဝမ်းပျက်/ ဝမ်းလျှောရောဂါ များ အဖြစ်များပါသည်။ ပရယ်စော်ခူ၏ ကျန်းမာရေးအခြေအနေကို သုံးသပ်ခြင်းဖြင့် ကျေးရွာတွင်

ထူးခြားမှုရှိသော ကြီးမားသည့်ရောဂါများ ဖြစ်ပွားခြင်းမျိုးမရှိဘဲ ရာသီအကူးအပြောင်းတွင် ဖြစ်ပေါ်တတ်သည့် ရောဂါများသာ ဖြစ်ပေါ်သည်ကို သုံးသပ်တွေ့ရှိရပါသည်။

**ပွဲတော်များ**

ပွဲတော်များအနေဖြင့် ဇန္နဝါရီလတွင် ကော်ယော(မိုနူ၊ မနော) အမျိုးသားနေ့၊ မတ်လ တွင် အုပ်စု အစည်းအဝေးများနှင့် ဒီဇင်ဘာလတွင် ခရစ္စမတ်ပွဲတော်တို့ရှိပါသည်။

မှတ်တမ်းတင်သူ
ကူးရယ်
လူထုစည်းရုံးရေးမှူး

National Community Driven Development Project (Hpruso Township,Project Cycle.1/year 3

## ပင့်ကူအိမ်သုံးသပ်ခြင်း



**ရည်ရွယ်ချက်။** ။ ပရယ်စော်ခူကျေးရွာ၏ ကျား/မဆိုင်ရာ ပင့်ကူအိမ်မြေပုံ သုံးသပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ကျေးရွာတွင်ရှိသော အမျိုးသား/သမီးများ၏ ကဏ္ဍအသီးသီးတွင် ပါဝင်မှုအနေအထားနှင့် အကယ်၍ ပါဝင်မှု အနေအထားကွာဟမှုရှိပါက မည်သည့်အတွက်ကြောင့် ဆိုသည်ကိုသိရှိစေရန်ဖြစ်သည်။

**ကျန်းမာရေး**

ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်ခွင့်ရသည့် အခြေအနေတွင် အမျိုးသားများသည် (၉၀%)ဖြစ်ပြီး ၊ အမျိုးသမီးများသည် (၁၀၀% )ဖြစ်သည်။

**အိမ်တွင်းမှု**

အိမ်တွင်းမှုနှင့် ပတ်သက်သော လုပ်ငန်းများဖြစ်သည့် ထမင်းဟင်းချက်ခြင်း၊ အဝတ်လျှော်ခြင်း၊ ရေခတ်ယူခြင်း၊ ကလေးထိန်းခြင်း၊ အစရှိသည့်လုပ်ငန်းများတွင် အမျိုးသမီးများသည် ( ၁၀၀%) ဖြစ်ပြီး အမျိုးသားများသည် (၈၀% ) ဖြစ်ပါသည်။

**ပညာရေး**

ပညာရေးဟူပြီးသုံးသပ်ချက်ပြုလုပ်ရာတွင်ကျေးရွာတွင်းရှိ အမျိုးသား/သမီးများ၏ စာတတ်မြောက်မှုအခြေအနေနှင့် ကျောင်းတက်မှု အခြေအနေပေါ်တွင် သုံးသပ်ချက် ပြုလုပ်သည်ဖြစ်ရာ အမျိုးသမီးများနှင့် အမျိုးသားများသည်(၈၀% )ဖြစ်သည်။

**စီးပွားရေး**

ပရယ်စော်ခူကျေးရွာ၏ စီးပွားရေးလုပ်ကိုင်မှုအခြေအနေတွင် အမျိုးသမီးများနှင့် အမျိုးသားများသည် အိမ်၏ဝင်ငွေရှာဖွေမှုနှင့် မည်သည့်စီးပွားရေးလုပ်ကိုင်မည်ဆိုသည်ကို မူတည်ပြီး သုံးသပ်ကြသည်ဖြစ်ရာ (၉၀%)တူတူပင်ဖြစ်သည်။

**ဘာသာရေး**

ဘာသာရေးလုပ်ငန်း ဆောင်ရွက်မှုများတွင် အမျိုးသမီးနှင့် အမျိုးသား (၁၀၀%) ရှိပါသည်။ အမျိုးသမီးနှင့် အမျိုးသားများသည် ဘာသာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အတူတူပင်ဆောင်ရွက်ကြခြင်းကြောင်း ဟုသုံးသပ်ပြောကြပါသည်။

**လူမှုရေး**

ရွာ၏ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်မှုများဖြစ်သော သာရေး၊ နာရေးကဏ္ဍများနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသားများသည် အမျိုးသမီးများနှင့် တန်းတူ(၈၀%) ဖြစ်ပါသည်။

**အုပ်ချုပ်ရေး**

အုပ်ချုပ်ရေးပိုင်းကို သုံးသပ်ချက်ပြုလုပ်ရာတွင် ကျေးရွာ၏ ခေါင်းဆောင်မှုပိုင်းနှင့် ဆုံးဖြတ်ချက်များ ချမှုအပိုင်းတွင် အဓိကထားဆွေးနွေးကြရာ အမျိုးသမီး၊ အမျိုးသားများ၏ ပါဝင်မှုအနေအထားမှာ အမျိုးသမီးနှင့် အမျိုးသား (၈၀%)တူတူပင် ဖြစ်ပါသည်။

**စိုက်ပျိုးရေး**

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီး (၉၀%) နှင့် အမျိုးသား ( ၁၀၀% ) ဖြစ်ပါသည်။ စိုက်ပျိုးခြင်းလုပ်ငန်းဟုဆိုရာတွင် တောင်ယာစိုက်ပျိုးခြင်းအပေါ် အခြေခံဆွေးနွေးကြခြင်ဖြစ်ပါသည်။


**အမျိုးသား၊ အမျိုးသမီးများ၏ ပင့်ကူအိမ်သုံးသပ်ခြင်း**

ပရယ်စော်ခူကျေးရွာ အမျိုးသားများနှင့် အမျိုးသမီးများ၏ ပင့်ကူအိမ်ကိုသုံးသပ်ခြင်းဖြင့် အမျိုးသမီးများ၏အမှတ်အခြေအနေသည် အမျိုးသားများနှင့် ကွာဟနေရခြင်းမှာ အမျိုးသမီးများသည်

အားငယ်တတ်ခြင်း၊ ပညာရေးအားနည်းခြင်းကြောင့် ပြောဆိုခြင်းမရှိရာမှ ပါဝင်ဆုံးဖြတ်ခွင့် မရှိခြင်းကြောင်းများဖြစ်ပါသည်။ ဤသို့ ဖြစ်ရခြင်းမှာ အမျိုးသမီးများသည် အားနည်းနေတတ်ပြီး အိမ်တွင်းမှုနဲ့သာ ရာနူန်းပြည့် အချိန်ကုန်နေတတ်ခြင်းကြောင့်ဖြစ်ပါသည်။ ထို့ကြောင့်အမျိုးသမီးများလိုအပ်ချက်အရ အမျိုးသမီးများသီးသန့် အသိပညာပေးဆွေးနွေးမှုများ လုပ်ပိုင်ခွင့်နှင့် တန်းတူအခွင့်အရေးများပေးခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်းဖြင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်တိုးတက်လာမည်ဖြစ်ပါသည်။

မှတ်တမ်းတင်သူ
ကူးရယ်
လူထုစည်းရုံးရေးမှူး

## အဖွဲ့အစည်းများချိတ်ဆက်မှုပြမြေပုံ



**ရည်ရွယ်ချက်။** ။ ပရယ်စော်ခူကျေးရွာတွင် ဩဇာလွှမ်းမိုးမှုရှိသောလူများ၊ အုပ်စုများနှင့် ဆုံးဖြတ်ချက်ချရာတွင် အမျိုးသား၊ အမျိုးသမီးပါဝင်မှုအခြေအနေ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ၊ ဘေးဖယ်ခံ ထားရသောအုပ်စုများ၏ ပါဝင်ခွင့်အခြေအနေ၊ ကျေးရွာအတွင်းရှိ အရင်းအမြစ်များ၏ အသုံးချမှု အခြေအနေနှင့် ထိန်းချုပ်မှုများကို သိရှိနိုင်စေရန် ရည်ရွယ်ပါသည်။

**အဖွဲ့အစည်းများချိတ်ဆက်မှုပြဇယား**

ပရယ်စော်ခူကျေးရွာ၏ အဖွဲ့အစည်းများ ချိတ်ဆက်မှုပြ မြေပုံကို သုံးသပ်ရာတွင် ကျေးရွာအပေါ် တွင် အုပ်ချုပ်ရေးအဖွဲ့၊ အမျိုးသားအဖွဲ့ ၊လူငယ်အဖွဲ့ ၊မူကြိုကျောင်းကော်မတီ ၊အမျိုးသမီးအဖွဲ့ ၊ နယ်လှည့်အဖွဲ့ ၊ အစိုးရကျန်းမာရေးအဖွဲ့ အစရှိသဖြင့် အဖွဲ့အစည်းပေါင်း ( ၁၄ ) ဖွဲ့ရှိပြီး ထိုအဖွဲ့များတွင် အမ်အိတ်အေအေ၊ ကေဘီစီ၊ အစရှိသော အဖွဲ့များပါဝင်ပြီး ရွာနှင့် အနီးကပ်မှုအရှိဆုံး အဖွဲ့အုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာ၏ လိုအပ်ချက်အရ ဖွဲ့စည်းထားသော ဘာသာရေးအဖွဲ့များနှင့် လူမှုရေးအဖွဲ့များဖြစ်ပါသည်။ ပြင်ပအဖွဲ့အနေဖြင့် ကျေးရွာနှင့် နီးကပ်မှုရှိသော အဖွဲ့အစည်းများမှာ နယ်လှည့်အဖွဲ့၊ လူထုဗဟိုပြုစီမံကိန်း၊ အစိုးရကျန်းမာရေးအဖွဲ့၊ MHAA,SMAA, SMDG, KBC စသောအဖွဲ့များသည် ချိတ်ဆက်မှုရှိသည်ဟု သုံးသပ်ဆွေးနွေး ကြပါသည်။

ပရယ်စော်ခူကျေးရွာ၏ အဖွဲ့အစည်းများ ချိတ်ဆက်မှုပြမြေပုံကို သုံးသပ်ခြင်းဖြင့် တသီးပုဂ္ဂလနေထိုင်သော အဖွဲ့များမရှိပေ။ အုပ်ချုပ်ရေးနှင့် ဘာသာရေးအဖွဲ့ခေါင်းဆောင်များသည် ရပ်ရေးရွာရေးကိစ္စ ရပ်များတွင် အဓိကဦးဆောင်ကြသည်။ ထို့အပြင် လူမှုရေး ၊ ဘာသာရေးနှင့် နိုင်ငံရေးကိစ္စရပ် များတွင် အုပ်ချုပ်ရေးအဖွဲ့မှ အဘက်ဘက်ဦးဆောင်ပြီး ရွာတွင်းနှင့် ရွာပြင်ပဌ်ရှိသောအဖွဲ့များနှင့်ချိတ်ဆက်ပြီး ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်း များ ကို ချိတ်ဆက်ဆောင်ရွက်လျက် ရှိပါသည်။ ဒေသခံအဖွဲ့အစည်းများသာ ရွာလူထုများ နှင့် ပုံမှန်ချိတ်ဆက် ဆောင်ရွက်လျက်ရှိပြီး **INGO** အဖွဲ့ အစည်းများ ချိတ်ဆက်မှုအားနည်းနေသေးသောကျေးရွာဖြစ်ပါသည်။ ထို့ကြောင့် လမ်း ၊ တံတား၊ ရေးပေးရေးနှင့် လျှပ်စစ်လိုအပ်သော ကျေးရွာဖြစ်၍ ထိုကဲ့သို့ လိုအပ်ချက်များ ပံ့ပိုး ကူညီနိုင်သောအဖွဲ့အစည်းများချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ကြောင်း လေ့လာသုံးသပ်ရပါသည်။

မှတ်တမ်းတင်သူ<br>ကူးရယ်<br>လူထုစည်းရုံးရေးမှူး

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ



National Community Driven Development Project (Hpruso Township,Project Cycle.1/year 3





National Community Driven Development Project (Hpruso Township,Project Cycle.1/year 3

**၈။ ခေါပရာကျေးရွာ၏ စီမံကိန်းအထောက်အကူပြု ကော်မတီဖွဲ့စည်းပုံ**

| စဉ် | အမည် | ကျား/မ | | ရာထူး/တာဝန် |
|---|---|---|---|---|
| ၁ | ဒေါ်ယူဖော | | မ | ကျေးရွာ စီ/ထောက် ဥက္ကဌ |
| ၂ | ဦးဖိုးစိန် | ကျား | | စောင့်ကြည့်ကြီးကြပ်ရေး ဆက်ကော်မတီ |
| ၃ | ဦးဟဲလိ | ကျား | | ဝယ်ယူရေးဆပ်ကော်မတီ |
| ၄ | ဦးကျော်သဲ | ကျား | | လည်ပတ်ရေးနှင့် ပြင်/ထိန်း ဆပ်ကော်မတီ |
| ၅ | ဒေါ်သပြေသား | ကျား | | ဝေဖန်အကြံပြု တိုင်ကြားဖြေရှင်းရေးကော်မတီ |
| ၆ | ဦးစောကူးကူ | ကျား | | စေတနာ့ဝန်ထမ်း |
| ၇ | ဒေါ်ချယ်ရီဖော | | မ | စေတနာ့ဝန်ထမ်း |
| ၈ | ဦးစောဒါဝီ | ကျား | | ကျေးရွာစာရင်းကိုင် |
| **စုစုပေါင်း** | | ၆ | ၂ | **(၈)ဦး** |

## ၉။ ကျေးရွာအချက်အလက် ( ပုံစံ - ၁ )

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။*

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|---|
| | | | |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) [illegible] | 16 | ဘာသာ (၁) [illegible] | 16 |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | - | - | - |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | m - 4 | မ - 2 | |
| စစ်ဘေးရှောင် | - | - | - |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)- [illegible] | 36 | 34 |
| လူမျိုးစု (၂) ------------------------ | | |
| လူမျိုးစု (၃) ------------------------ | | |
| လူမျိုးစု (၄) ------------------------ | | |
| လူမျိုးစု (၅) ------------------------ | | |
| အိမ်ထောင်ဦးစီး | 13 | 3 |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက်<br>နှစ်ခြင်း | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | | (၂) ကျန်းမာရေး | | | | (၃) လက်မှုပညာရှင် | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| | မူလတန်းပြဆရာ/မ | ☐ | ☐ | | ဆရာဝန် | ☐ | ☐ | | လက်သမား | ☑ | ☐ |
| | အထက်တန်းပြဆရာ/မ | ☐ | ☐ | | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | | ပန်းရံ | ☐ | ☐ |
| | အလယ်တန်းပြဆရာ/မ | ☐ | ☐ | | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| | မူကြိုဆရာ/မ | ☑ | ☐ | | သားဖွားဆရာမ | ☑ | ☐ | | ရေပိုက်သွယ်သူ | ☐ | ☐ |
| | အခြား | ☐ | ☐ | | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | | | မှတ်ချက် | | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါဝိုင်းကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | (မော်တော်ဆိုင်ကယ်လမ်း) |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | (လူသွားလမ်း) | အခြား ____________ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ပိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ (မရှိပါ circled)

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------, မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ / မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၅---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၂နာရီ--------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ (မော်တော်ဆိုင်ကယ် circled)

အခြား ------------------

မိုးရာသီတွင်ကြာချိန်-----------၃နာရီ------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------------2016 ([illegible])

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) 3MGG

(၂) ---------------------------------

ကျေးရွာခေါင်းဆောင် — အမည် [illegible]

လက်မှတ် [signature] နေ့စွဲ ၂၅.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် - [illegible]

လက်မှတ် [signature], နေ့စွဲ ၂၅.၁၀.၂၀၁၇

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ - ၂)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

*ပုံစံ - ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)*

| |
|---|
| *လမ်းညွှန်ချက်၊ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်၊* |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးကူးရယ် |

| | | | |
|---|---|---|---|
| နေ့စွဲ - 20.12.2018 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 24.10.2017 | 24.10.2017 | ၆ | ၆ | ၁၂ | ၁၂ ကော်ပော် ([illegible]) |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 25.10.2017 | 25.10.2017 | ၆ | ၆ | ၁၂ | - |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 28.11.2017 | 28.11.2017 | ၂ | ၁ | ၃ | - |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | - |

National Community Driven Development Project (Hpruso Township,Project Cycle.1/year 3)

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ - ၃)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးကျူးဂျယ်

နေ့စွဲ - 25. 10. 2017

စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄)

| ပြည်နယ်/တိုင်း ကယား | ဖရူဆို မြို့နယ် | ကျေးရွာအုပ်စု တော်ဗူ | ကျေးရွာ ဗုရယ်တော်ဗူ |
|---|---|---|---|

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း | ၁ | လမ်းအခက်ခဲ (မြေသားလမ်းတိုးချဲ့ခြင်း) |
| ၂ | ရေသွယ်ယူမှုအဆင်မပြေခြင်း | ၂ | ရေပိုက်ပြုပြင်ခြင်း |
| ၃ | ရေနုတ်မြောင်းမရှိ၍ရေသွယ်ယူရခက်ခဲခြင်း | ၃ | စာသင်ကျောင်းပြုပြင်ခြင်း |
| ၄ | အစည်းအဝေးပြုလုပ်ရန်အုံးမဆောင်လိုအပ်ခြင်း | ၄ | မူကြိုကျောင်းအသစ်လိုအပ်ခြင်း |
| ၅ | ဆိုလာမီးလိုအပ်ခြင်း | ၅ | ရေကန်လိုအပ်ခြင်း |
| | | ၆ | အုံးမဆောင်လိုအပ်ခြင်း |

နောက်ကျောဘက် ->

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျောက်ခင်းလမ်းရှိရမည်။ | ၁ | ကတ္တရာလမ်းရရှိရမည်။ |
| ၂ | အိမ်တိုင်ရာရောက်ရေရရှိရမည်။ | ၂ | ကောင်းမွန်သောရေပိုက်ရှိရမည်။ |
| ၃ | အိမ်တိုင်ရေနုတ်ကန်ရှိရမည်။ | ၃ | စာသင်ကျောင်းကောင်းရရှိရမည်။ (ပျဉ်) |
| ၄ | ပျဉ်ထောင်အုံးမဆောင်ရှိရမည်။ | ၄ | မူကြိုကျောင်းကောင်းရရှိရမည်။ (ပျဉ်) |
| ၅ | ဆိုလာမီးရှိရမည်။ | ၅ | ရေစုကန်ကောင်းရရှိရမည်။ |

နောက်ကျောဘက် ->

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | မြေသားလမ်းတိုးချဲ့ခြင်း | အမျိုးသား + အမျိုးသမီး | 300 သိန်း | 70 ဦး |
| ၂ | ရေပိုက်နှင့်ရေစုကန် | အမျိုးသား + အမျိုးသမီး | 150သိန်း/40သိန်း | 70 ဦး |
| ၃ | ဆိုလာလျှပ်စစ် | အမျိုးသား | . | 70 ဦး |
| ၄ | အုံးမဆောင် (ပျဉ်) | အမျိုးသား + အမျိုးသမီး | 58 သိန်း | 70 ဦး |
| ၅ | စာသင်ကျောင်းဆောက်လုပ် | အမျိုးသား + အမျိုးသမီး | 58 သိန်း | 70 ဦး |
| ၆ | မူကြိုကျောင်း (ပျဉ်) | အမျိုးသား + အမျိုးသမီး | 40 သိန်း | 70 ဦး |
| ၇ | ဗုရယ်တော်ဗူ မှ တော်ဗူလမ်း (မြေသား) | အမျိုးသား | 250 သိန်း | 70 ဦး |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] ကျောင်းမျက်နှာကျက် | အမျိုးသား | အခြေခံအထောက်အကူ |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---- ဒေါ် [illegible] ---- လက်မှတ် ---- [illegible] ---- နေ့စွဲ ---- ၂၅.၁၀.၂၀၁၇ ----

## ၁၂။ ကျေးရွာအစည်းအဝေးမှတ်တမ်းများ

ကျေးရွာ - ပရယ်ဖော်ခူ

ကျေးရွာအုပ်စု - ဖော်ခူ

အကြောင်းအရာ - ပထမအကြိမ်ကျေးရွာအစည်းအဝေး

တာဝန်ကျဝန်ထမ်းများ - ဦးဘူးဂျယ်၊ ဒေါ်ကျေရှိမြဲ၊ မှာရီတင်

ရက်စွဲ - 24.10.17

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား (၆၁)ဦး + မ (၆၁)ဦး = (၁၂၁)ဦး

ပထမအကြိမ်ကျေးရွာအစည်းအဝေးကို ပရယ်ဖော်ခူ ကျေးရွာ၌ (24.10.17) ၌ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးကို အစည်းအဝေးအစီအစဉ်များဖတ်ကြားခြင်းအားဖြင့် အစပြုခဲ့ပါသည်။ စီမံကိန်း၏ ရည်ရွယ်ချက် စပြောဓိ လူထုဦးဆောင်ပြုစီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရွာလူထုများနှင့် အတူ ဆွေးနွေးခဲ့ပါသည်။ ထို့နောက် စီမံကိန်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ရပ်ရွာရှိ မှုအကြောင်းနှင့် ဒုတိယနှစ်ထပ်ဝင်၌ ကျေးရွာအုပ်စုတွင် စီမံကိန်းရရှိသည့် ကျေးရွာများကို အစည်းအဝေးတက်ရောက်လာသူများ သိရှိအောင် ပြောကြားခဲ့ပါသည်။ ကျွန်ုပ်စီမံကိန်း၌ အကျုံးဝင်သည့် လုပ်ငန်းနှင့် အကျုံးမဝင်သည့် လုပ်ငန်းများကို လည်းကောင်း၊ ကျား/မ ရေးရာနှင့် ဝေဖန်အကြံပြုထိုင်ကြား ပြောကြားခြင်း ရေးသားအကြောင်းကို ပြန်လည်ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ကျေးရွာလူထု ကို ပါဝင်သော လူမှုဆန်းစစ်ခြင်း အစီအစဉ် ကို အောက်ပါ အတိုင်း ပြုလုပ် ခဲ့ပါသည်။

(၁) လူမှုရေး နှင့် အရင်း မြစ် ပြ မြေပုံ

(၂) ချမ်းသာ ကြွယ်ဝမှု အဆင့် သတ်မှတ်ခြင်း

(၃) အရင်းအမြစ် အသုံးချမှု ပြဇယား

(၄) ပင့်ကူအိမ် သုံးသပ်ခြင်း

(၅) ရာသီ ဥတုပြ ပြက္ခဒိန်

(၆) အဖွဲ့ အစည်းချိတ်ဆက်မှုပြ မြေပုံ

ထို့နောက် ပထမအကြိမ် ကျေးရွာ အစည်းအဝေး ကို ရုပ်သိမ်း ခဲ့ပါသည်

## ၁၃။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ဘုရားကျောင်း မျက်နှာကျက် | ☐ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |